# သာမန်ကာလ (၃၀)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်လုကာ ၁၈း ၉ - ၁၄

ယေရှုဘုရားရှင် မိန့်တော်မူတဲ့ ဖါရီဇေဦးနှင့် အခွန်ခံသူ၏ပုံဥပမာထဲမှာ ဖါရီဇေဦးက ကိုယ့်ကိုယ်ကို ဂုဏ်ဖော်ပြီးတော့ ဆုတောင်းတယ်၊ "တစ်ပတ်မှာ ၂ ခါ အစာရှောင်တယ်၊ ဆယ်ဖို့တစ်ဖို့ လှူတယ်၊ ဟို အခွန်ခံလို မတရားတဲ့သူ၊ သူတစ်ပါးမယားကို ပြစ်မှားသူ မဟုတ်လို့ ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်" လို့ ဆုတောင်းတယ်။ အခွန်ခံသူကတော့ ကိုယ့်အပြစ်ကို ကိုယ်သိတယ်။ ဝန်ခံတယ်။ ဒါကြောင့် ဘာမျှ ထူးထူးထွေထွေ များများစားစား ဆုတောင်းနေစရာလည်း မရှိ၊ သူ့အဖြစ်ကို သူလည်း ဝမ်းနည်းနေလို့ "အပြစ်ရှိသူ အကျွန်ုပ်ကို သနားတော်မူပါ" လို့ပဲ ဆုတောင်းခဲ့ပါတယ်။ ဒါကြောင့် သူတို့ နှစ်ဦးရဲ့ဆုတောင်းမေတ္တာ အကျိုးကျေးဇူးကတော့ "ဖါရီဇေဦးထက် အပြစ်ရှိသူအခွန်ခံက ဖြောင့်မတ်သန့်ရှင်းခွင့်ကို ပို၍ခံရလျက် အိမ်သို့ ပြန်သွားရလေ၏" လို့ သခင်ယေရှုက သုံးသပ်ထားပါတယ်။

ဖါရီဇေဦးက ဘာမှားလို့လဲ။ အခွန်ခံသူက ဘာများ မှန်နေလို့လဲ/ ဘာများကောင်းနေလို့လဲ။ ဒါပေမဲ့ ကျနော်တို့ အခုခေတ်လူတွေက သင်ခန်းစာအယူမှားပြီး ဖါရီဇေဦးလို မလုပ်တော့ဘူး၊ အပြစ်ရှိသူအခွန်ခံလိုပဲ နေတော့မယ် လို့ ဖြစ်ကုန်ရော။ ဆိုလိုတာက ဖါရီဇေဦးလို မလုပ်တော့ဘူးဆိုပြီး တစ်ပတ်မှာ ၂ခါ အစာရှောင်တာတွေ၊ ဆယ်ဖို့တစ်ဖို့ ပေးတာတွေ မလုပ်တော့ဘူးဆိုပြီး ဖြစ်ကုန်ရော။ ဖါရီဇေဦးကို အထင်မကြီးတော့လို့ အဲလိုဖြစ်ကုန်တယ်။ အခွန်ခံသူကိုကျ အထင်ကြီးပြီး အခွန်ခံသူလို သူများနည်းတူ မတရားလုပ်တာတွေ၊ လုယက်တာတွေ၊ သူတစ်ပါး၏မယားကို ပြစ်မှားတာတွေကိုကျ အတုယူရော။

ယနေ့ခေတ် ကျနော်တို့က ကောင်းကြပေမဲ့ ကိုယ်ကောင်းတာကို မပြရဲကြဘူး။ ကိုယ်ဘုရားတရားရှိတာကို လူသိမှာ ကြောက်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကို သူများတွေက "ဖါရီဇေဦး" လို့ ထင်မှာကြောက်ရသေးတယ်။ ကိုယ့်ကို လူထူးလူဆန်း၊ လောကနဲ့ ကင်းကွာနေသူ သီးသန့်သမားတွေ၊ လူ့ဂလန့်တွေလို ထင်မှာ စိုးရသေးတယ်။ သူတော်ကောင်းယောင်ဆောင်သူတွေတို့လည်း မြင်တတ်ကြသေးတယ်။ ဒါကြောင့် လူတွေက ဖါရီဇေဦးတွေလို ဘုရားရေးတရားရေး မလုပ်ချင်ကြတာ၊ ဒါက အခုခေတ်မှာ ရေပန်းမစားဘူး။ ခေတ်မမီဘူး။ အခုခေတ်က အခွန်ခံသူကို ပိုပြီး သဘောကျ ကြတယ်။ အများနည်းတူ နေမယ်။ အပြစ်လုပ်ကြတာ လူတိုင်းပဲ။ ဒါက အခုခေတ်မှာ ဖက်ရှင်ဖြစ်နေပြီ၊ သိမ်ငယ်စရာ မဟုတ်ဘဲ ဂုဏ်ယူစရာလိုလို ဖြစ်နေပါတယ်။ ဒါမှ ခေတ်မီတယ်။ လူပေါင်းဆန့်တယ်။ လူအများကြိုက်ကြတယ်၊ လက်ခံတယ်။ ဖါရီဇေဦးလို ဘုရားတရားနဲ့နေရင် ပျင်းစရာကြီး၊ ပျော်စရာမှ မဟုတ်တာပဲလို့ ခံယူကြတယ်။ ဒါ ယနေ့ခေတ်ရဲ့ မှားယွင်းတဲ့အယူအဆပါပဲ။

ယေရှုဘုရားရှင်က ဖါရီဇေဦးရဲ့ကောင်းမှုလုပ်ရပ်ကို အပြစ်မတင် မဝေဖန်သလို အခွန်ခံသူရဲ့ မကောင်းမှုအပြစ်တွေကို မချီးကျူးခဲ့ပါဘူး။ အခွန်ခံသူလို နေကြလို့လည်း မမိန့်ကြားခဲ့ဘူး။ ဖါရီဇေဦးရဲ့ကျင့်ကြံပုံက မှားတယ်လို့လည်း မမိန့်ကြားခဲ့ပါဘူး။ ဒါတင်မက လူတစ်ယောက်ဟာ ဖါရီဇေဦးလုပ်မယ်၊ ဖါရီဇေဦးတစ်ယောက် ဖြစ်ချင်တယ်ဆိုတာ "ငါ

ဘုရားတရားနဲ့ သန့်ရှင်းစင်ကြယ်စွာ နေတော့မယ်” လို့ ဆုံးဖြတ်တာနဲ့ အတူတူပါပဲ။ ဒါကြောင့် ဖါရီဇေဦး ဖြစ်ရတဲ့ရည်ရွယ်ချက်က သန့်ရှင်းဖို့ပါ။ အခွန်ခံ လုပ်ရတဲ့ရည်ရွယ်ချက်က မရိုးမသားလုပ်ဖို့ပါ။

ဖါရီဇေဦးက ဘာမှားလဲ၊ အခွန်ခံသူက ဘာမှန်သလဲဆိုတာက သူတို့ လုပ်ရပ်တွေကို ကြည့်ပြီး ပြောနေတာ မဟုတ်ပါဘူး။ သူတို့ စိတ်ထားတွေကို ကြည့်ပြောနေတာပါ။ ဖါရီဇေဦးကို အပြစ်တင်ရတဲ့အကြောင်းအရင်းကတော့ ဘုရားတရားနဲ့ နေလို့ မဟုတ်ဘူး။ အဲဒီဘုရားတရားနဲ့နေရာမှာ မာနနဲ့ နေ နေလို့ အပြစ်တင်တာ။ ကိုယ့်ကိုယ်ကို အထင်ကြီးတယ်၊ သူ ကောင်းတာတွေ လုပ်နိုင်တာက သူတော်လို့ လို့ သူထင်နေတယ်၊ ဒါကြောင့်လည်းပဲ သူ့လောက် မကောင်းတဲ့သူတွေကို သူက အပြစ်တင်နေတာပေ့ါ။ သူထင်နေတာက သူတောင်းတဲ့ဆုကို ဘုရားက ပေးသင့်တာပေ့ါ၊ ငါ ဒီလောက်တောင် ကောင်းနေတာလို့ အထင်ကြီးတယ်။ အမှန်ဖြစ်သင့်တာက ငါ အခုလို ကောင်းတဲ့ဘဝနဲ့ နေနိုင်တာက ဘုရားကျေးဇူးတော်ကြောင့်လို့ ခံယူရမှာလေ။ ဘုရား ကျေးဇူးတော်မပါရင် ကောင်းတဲ့ဘဝကျင့်စဉ်တွေကို မကျင့်နိုင်ပါဘူး။ ဒါကြောင့် ဖါရီဇေဦးက နှိမ့်ချခြင်း မရှိဘူး။ တကယ်နှိမ့်ချရင် မကောင်းတဲ့သူတွေကိုလည်း ကိုယ်ချင်းစာတတ်တယ်။ သူတို့ အပြစ်ထဲက ရုန်းမထွက်နိုင်ကြတာကို သနားသင့်တယ်။ သူတို့ ကိုယ့်ကိုယ်ကိုရော၊ သူတပါးတွေကိုပါ ထိခိုက်နေတာတွေကို ကိုယ်ချင်းစာသနားသင့်တယ်။

အခွန်ခံသူကိုလည်း သခင်ယေဇူးက မချီးကျူးခဲ့ပါဘူး။ အပြစ်က အပြစ်ပါပဲ။ ဒါပေမဲ့ အခွန်ခံသူက သူ့အပြစ်တွေ ဆိုးသွမ်းမှုန်း သူ ခံစားရတယ်။ သူ ကောင်းချင်နေတယ်။ သူအပြစ်တွေကို သူ သိမှတ်ဝန်ခံနေတယ်။ ကိုယ့်အပြစ်တွေအတွက် ဝမ်းနည်းတယ်။ သူကတော့ ရိုးရိုးသားသားပဲ။ သူ ပြင်ချင်တယ်။ နှိမ့်ချတယ်။ ဒါကြောင့် နှိမ်ချတဲ့သူရဲ့ဆုတောင်းမေတ္တာကို ဘုရားက နားညောင်းတော်မူပါတယ်။ ဒီလိုစိတ်ထားမျိုး ကျနော်တို့မှာ ရှိကြဖို့ ယေဇူးဘုရားရှင်က ယနေ့ တရားပေးထားပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။